# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

December 6 , 2023 Volume 73, Number 4

၆.၁၂.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၀၂၃ US$ |
| မြန်မာ့ရွှေဈေး | = ၃၇၁၀၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၃၅၅၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၆၆.၃ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၆.၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၄၅.၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၈၀.၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၃.၃၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၁၉၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၉.၇၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၉.၈၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၉.၇၇၈ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm


## ပုသိမ်ကြီးမြို့နယ်မှ မကြာမီထွက်ရှိတော့မည့်ဆီးသီးများ တရုတ်ဈေးကွက်၌ ယခင်နှစ်က ဈေးနှုန်းအတိုင်းရရှိရန်မျှော်လင့်



မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်၌ စိုက်ပျိုးသော ဆီးခြံများမှဆီးသီးများ မကြာမီကာလတွင် ထွက်ပေါ်တော့မည်ဖြစ်၍ တရုတ်ဈေးကွက်၌ ယခင်နှစ်က ပေါက်ဈေးအတိုင်းရရှိရန် ဆီးသီးစိုက်တောင်သူများကမျှော်လင့်ကြောင်း ပုသိမ်ကြီးမြို့နယ်မှ ဆီးခြံပိုင်ရှင် ဦးမြင့်ဆွေကပြောသည်။

လက်ရှိတွင် မန္တလေးတိုင်းဒေသကြီး မြို့နယ်တချို့ရှိ ဆီးခြံများမှ ဆီးသီးများစတင်ထွက်ရှိ၍ ဈေးကွက်အတွင်း ရောင်းချနေသော်လည်း တရုတ်ဈေးကွက်၌ လူကြိုက်များသည့် ပုသိမ်ကြီးဆီးခြံများမှ ဆီးသီးများမှာ ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ စတင်ထွက်ရှိမည်ဖြစ်ကြောင်း သိရသည်။ “ကျွန်တော်တို့ ပုသိမ်ကြီးကထွက်တဲ့ ဆီးသီးက စဉ့်ကိုင်ဆီးသီးတုံးချိန် ဇန်နဝါရီလလောက်မှာ စထွက်တော့ နောက်ဆွဲသီးဖြစ်တဲ့အတွက် ဈေးကောင်းရတာပေါ့။ ဆီးသီးက ပေါပေါများများရှိပြီး ဈေးကွက်ရှိဖို့ပဲလိုတယ်။ မနှစ်က တရုတ်ဈေးကွက်မှာ ဆီးသီးတစ်ဖာကို ငွေကျပ် ၂၅,၀၀၀ လောက် အမြတ်ရတယ်။

ယခင်နှစ်က ဆီးသီးတစ်ဖာလျှင် တရုတ်ယွမ်ငွေ ၁၀၅ ယွမ်ဝန်းကျင် ဈေးကောင်းရရှိသောကြောင့် စိုက်ပျိုးစရိတ်နုတ်ပြီး အမြတ်ငွေကျပ် ၂၅,၀၀၀ ဝန်းကျင်ရရှိကြကြောင်း၊ တရုတ်ဘက်တင်ပို့သည့် ကုန်သည်များကိုယ်တိုင် ဆီးခြံများသို့ လာရောက်ဝယ်ယူကြရာ တရုတ်ငွေနှင့်ဈေးဖြတ်ဝယ်ယူခြင်းဖြစ်ကြောင်း သိရသည်။

Source: ကြေးမုံသတင်းစာ

## နိုင်ငံခြားငွေအရောင်းအဝယ်ပြုလုပ်ရာတွင် ဗဟိုဘဏ်က ငွေလဲလှယ်နှုန်း မသတ်မှတ်တော့ဘဲ Market rate အတိုင်း ရောင်းချခွင့်ပြုမည်ဟု ဗဟိုဘဏ်ထုတ်ပြန်

နိုင်ငံခြားငွေအရောင်းအဝယ်ပြုလုပ်ရာတွင် ဗဟိုဘဏ်က ငွေလဲလှယ်နှုန်းမသတ်မှတ်တော့ဘဲ Market rate အတိုင်း ရောင်းချခွင့်ပြုသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဒီဇင်ဘာ ၅ ရက်စွဲဖြင့် ထုတ်ပြန်ထားသည်။

နိုင်ငံခြားငွေများ ရောင်းဝယ်ဖောက်ကားသည့်လုပ်ငန်း (AD) လိုင်စင်ရဘဏ်များအနေဖြင့် နိုင်ငံခြားငွေကြေးဈေးကွက် (Online Trading) တွင် အရောင်းအဝယ်ပြုလုပ်ရာ၌ ငွေလဲလှယ်နှုန်းကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ သတ်မှတ်ပေးမည် မဟုတ်ဘဲ ဈေးကွက်အတွင်း နိုင်ငံခြားငွေရောင်းချလိုသူနှင့်ဝယ်ယူလိုသူတို့မှ တင်သွင်းသော ငွေလဲလှယ်နှုန်းပေါ်မူတည်၍ Market Rate အတိုင်း လွတ်လပ်စွာဆောင်ရွက်ရန်ဖြစ်ကြောင်း ဖော်ပြထားသည်။

ဈေးကွက်အတွင်း ဝယ်ယူရရှိခဲ့သည့် နိုင်ငံခြားငွေအား ပြည်ပသို့လွှဲပြောင်းရာတွင် နိုင်ငံခြားသုံးငွေကြီးကြပ်မှုကော်မတီမှ သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ လွှဲပြောင်းပေးရန်ဖြစ်ကြောင်း အကြောင်းကြားထားသည်။

**Source:** https://news-eleven.com/article/285087

## ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တွင် ရှမ်းပြည်နယ်မှထွက်ရှိသည့် ကြက်သွန်ဖြူများ အရောင်းအဝယ်ကောင်းနေ

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တွင် ရှမ်းပြည်နယ်ဘက်မှထွက်ရှိသည့် ကြက်သွန်ဖြူများ အရောင်းအဝယ်ကောင်း နေကြောင်း မအူပင်မြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူအောင်က ပြောပြ၍သိရသည်။

မအူပင်မြို့နယ်ဘက်သို့ ရှမ်းပြည်နယ်မှထွက်ရှိသည့် ကြက်သွန်ဖြူပိဿာချိန် ၅၀၀ နှင့်အထက် နေ့စဉ်အရောင်းအဝယ် ဖြစ်နေကြောင်း၊ အဆိုပါကြက်သွန်ဖြူများ နိုဝင်ဘာလတတိယပတ်မှစတင်ပြီး ယနေ့(အောက်တိုဘာလ ၅) ရက်နေ့ထိ သိသိသာသာအရောင်းအဝယ်ကောင်းမွန်လာပြီး လက်ရှိကြက်သွန်ဖြူပိဿာချိန် ၁၀၀ လျှင် ငွေကျပ် ၈၅၀၀၀၀ ထိ ဈေးပေါက် နေကြောင်းသိရသည်။

"ရှမ်းပြည်နယ်ဘက်ကနေ မအူပင်မြို့နယ်ဘက်ကို ကြက်သွန်ဖြူတွေ ပုံမှန်ဝင်ရောက်နေပါတယ်။ လက်ရှိ ကြက်သွန်ဖြူ ပိဿာချိန် ၁၀၀ ကို ငွေကျပ် ၈၅၀၀၀၀ ထိ ဈေးပေါက်နေပါတယ်။ ကြက်သွန်ဖြူက ပြည်တွင်းဈေးကွက်မှာတင် ဝယ်ယူအား များနေတာ။ လက်ရှိမအူပင်မြို့နယ်ဈေးကွက်အနေနဲ့ တစ်ရက်တာ ကြက်သွန်ဖြူပိဿာချိန် ၅၀၀ နဲ့အကျော်မှာပဲ အရောင်း အဝယ်ဖြစ်နေပါတယ်။ မအူပင်မြို့နယ်ဘက်ကို ဝင်ရောက်လာတဲ့ ကြက်သွန်ဖြူတွေက လတ်ဆတ်ပါတယ်။ အရည်အသွေးကလဲ မဆိုးပါဘူး"ဟု မအူပင်မြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူအောင်ကပြောသည်။

**Source: ရတနာပုံသတင်းစာ**

## မန္တလေးကုန်စည်ဒိုင် နှမ်းမျိုးစုံဈေးကွက် ဈေးမြင့်လာ

မန္တလေးကုန်စည်ဒိုင်တွင် ဒီဇင်ဘာလ ပထမပတ်အတွင်း နှမ်းမျိုးစုံဈေးကွက်ထဲဝင်ရောက်နေပြီး၊ အရောင်းအဝယ် သွက်နေကြောင်းသိရသည်။ ပြည်ပဝယ်လက် ဝယ်ယူမှုရှိခြင်း၊ ဆီစက်ပိုင်များ ဝယ်ယူမှုသွက်လာခြင်းတို့ကြောင့် ဈေးမြင့်လာ ကြောင်း မန္တလေးကုန်စည်ဒိုင်ဈေးကွက်မှသိရသည်။

နှမ်းနက်(စမုံ) ၄၅ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၂,၉၅,၀၀၀ မှ ၃,၄၀,၀၀၀ ၊ ယခင်တစ်ပတ် ကျပ် ၂,၉၀,၀၀၀ မှ ၃,၃၅,၀၀၀ ၊ ယခင်လကျပ် ၂,၇၀,၀၀၀ မှ ၃,၃၀,၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက်ကျပ် ၅,၀၀၀၊ ယခင်လထက် ကျပ် ၁၀,၀၀၀ မှ ၂၅,၀၀၀ မြင့်တက်လာသည်။

နှမ်းဖြူ(ရိုးရိုး) ၄၅ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်ကျပ် ၃,၁၅,၀၀၀ မှ ၃,၃၀,၀၀၀၊ ယခင်တစ်ပတ် ကျပ် ၃,၁၀,၀၀၀ မှ ၃,၃၀,၀၀၀၊ ယခင်လကျပ် ၃,၃၅,၀၀၀ မှ ၃,၅၅,၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက်ကျပ် ၅,၀၀၀ မြင့်တက်လာပြီး၊ ယခင်လထက်ကျပ် ၂၀,၀၀၀ မှ ၂၅,၀၀၀ နိမ့်ကျလာသည်။

နှမ်းညို ၄၅ပိဿာဝင်သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်ကျပ် ၂,၇၅,၀၀၀ မှ ၂,၈၀,၀၀၀ ၊ ယခင် တစ်ပတ်ကျပ် ၂,၈၀,၀၀၀

မှ ၂,၈၅,၀၀၀ ၊ ယခင်လကျပ် ၂,၇၀,၀၀၀ မှ ၂,၇၅,၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၅,၀၀၀ နိမ့်ကျနေပြီး၊ ယခင်လထက် ကျပ် ၅,၀၀၀ မြင့်တက်လာသည်။

**Source: မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး**

## မန္တလေးကုန်စည်ဒိုင်တွင် ကုလားပဲဈေးနှုန်းများ အရောင်းသွက်၍ ဈေးမြင့်လာ

ဒီဇင်ဘာလ ပထမပတ်အတွင်း မန္တလေးကုန်စည်ဒိုင်ဈေးကွက်တွင် ပဲမျိုးစုံအရောင်းအဝယ်ဖြစ်လျက်ရှိရာ ကုလားပဲမှာ ယခင်တစ်ပတ်ထက် ဈေးမြင့်လာသည်။

လက်ကျန်နည်းခြင်း၊ ပဲခွဲစက်များမှဝယ်ယူမှုရှိခြင်း၊ မျိုးသမားများဝယ်ယူမှုရှိခြင်းတို့ကြောင့် ဈေးမြင့်လာကြောင်း ကုလားပဲက ပြည်တွင်းစားသုံးမှုအဓိကဖြစ်၍ စက်ပိုင်၊ ပဲခွဲစက်တွေရဲ့ ဝယ်ယူမှုအပေါ်လိုက်ပြီး ဈေးနှုန်းအတက်အကျဖြစ်နေကြောင်း မန္တလေးကုန်စည်ဒိုင်ဈေးကွက်မှသိရသည်။

ကုလားပဲဖြူလုံးကြီး(V-2) ၅၆ ဒသမ ၂၅ ပိဿာဝင်သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၂,၆၈,၀၀၀ မှ ၂,၇၀,၀၀၀ ၊ ယခင်တစ်ပတ် ကျပ် ၂,၆၈,၀၀၀ ၊ ယခင်လ ကျပ် ၂,၇၀,၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက်ကျပ် ၂,၀၀၀ မြင့်တက်လာပြီး၊ ယခင်လအတိုင်းဈေးငြိမ်နေသည်။

ကုလားပဲဖြူလုံးကြီး(V-7) ၅၇ ဒသမ ၂၅ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၂,၇၅,၀၀၀ ၊ ယခင်တစ်ပတ် ကျပ် ၂,၇၅,၀၀၀ ၊ယခင်လ ကျပ်၂,၈၁,၀၀၀ မှ ၂,၈၂,၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေပြီး၊ ယခင်လထက် ကျပ် ၆ ၀၀၀ မှ ၇ ၀၀၀ နိမ့်ကျလာသည်။

ကုလားပဲ (ထိုင်ဝမ်) ၅၇ ဒသမ ၂၅ ပိဿာဝင်သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၂,၅၂,၀၀၀ မှ ၂,၅၅,၀၀၀ ၊ ယခင်တစ်ပတ် ကျပ် ၂,၅၀,၀၀၀ မှ ၂,၅၃,၀၀၀၊ ယခင်လ ကျပ် ၂,၅၇,၀၀၀ မှ ၂,၅၈,၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ကျပ် ၂၀,၀၀ မြင့်တက်လာပြီး၊ ယခင်လ ကျပ် ၃,၀၀၀ မှ ၅,၀၀၀ နိမ့်ကျလာသည်။

ကုလားပဲ(929) ၅၆ ဒသမ ၂၅ ပိဿာဝင်သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၂,၅၈,၀၀၀ ၊ ယခင်တစ်ပတ် ကျပ် ၂,၅၈,၀၀၀ ၊ယခင်လ ကျပ် ၂,၆၂,၀၀၀ မှ ၂,၆၃,၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေပြီး ၊ ယခင်လထက် ကျပ် ၄,၀၀၀ မှ ၅,၀၀၀ နိမ့်ကျလာသည်။

**Source: မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး**

## ကြက်သွန်နီဈေးအနည်းငယ်ကျ

မကွေးတိုင်းဒေသကြီးအတွင်း ကြက်သွန်နီသီးနှံ အဓိကအရောင်းအဝယ်ပြုလုပ်သည့် ဆိပ်ဖြူကုန်စည်ဒိုင်တွင် ဆောင်းကြက်သွန်နီဈေးသည် ယခုဒီဇင်ဘာလတွင် အနည်းငယ်ကျဆင်းလာပါသည်။ ယခင်နိုဝင်ဘာလတွင် အလှူအတန်းများ ပေါများသည့်အချိန်ဖြစ်၍ အရောင်းအဝယ်ပိုသွက်ကာ ဈေးနှုန်းလည်းမြင့်တက်ခဲ့ပါသည်။ ကုန်စည်ဒိုင်သို့ ဝင်ရောက်လာသမျှ ကြက်သွန်များဝင်သလောက် အရောင်းအဝယ်သွက်နေပါသည်။ ယခုအချိန်သည် ဆောင်းကြက်သွန်များ အညှောက်ပေါက်လာခြင်း၊ မိုးကြက်သွန်နီများ ထွက်ပေါ်လာခြင်းတို့ကြောင့် ဆောင်းကြက်သွန်နီဈေး အနည်းငယ်ကျဆင်းလာရခြင်းဖြစ်သည်။

မိုးကြက်သွန်နီများလည်း ဈေးကွက်ထဲသို့ အနည်းငယ်ဝင်ရောက်လာသော်လည်း ဆောင်းကြက်သွန်နီလောက်တော့ ကြာရှည်အထားမခံ၍ အိမ်ရှင်မများသည် ဆောင်းကြက်သွန်နီကို ပို၍ကြိုက်နှစ်သက်ကြသည်။

ဆိပ်ဖြူကုန်စည်ဒိုင်သို့ ဆောင်းကြက်သွန်နီ တစ်ရက်လျှင် ပိဿာ(၃၀၀၀)ကျော်မှ ပိဿာ (၅၀,၀၀၀)ကျော်အထိ ဝင်ရောက်ပြီး အရောင်းအဝယ်ဖြစ်နေတာကို တွေ့ရပါသည်။

ကြက်သွန်ဈေးနှုန်းများအနေဖြင့် (၄.၁၂.၂၀၂၃)ရက်နေ့တွင် ၁ပိဿာ(၂၉၀၀)ကျပ်၊ (၆.၁၂.၂၀၂၃)ရက်နေ့တွင် ၁ပိဿာ (၂၉၅၀)ကျပ်ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ပြီးခဲ့သည့်နိုဝင်ဘာလ ကာလတူဖြင့်နှိုင်းယှဉ်ပါက (၄.၁၁.၂၀၂၃)ရက်နေ့တွင် ၁ပိဿာ(၃၀၅၀)ကျပ်၊ (၅.၁၂.၂၀၂၃)ရက်နေ့တွင် ၁ပိဿာ(၃၁၀၀)ကျပ်ဈေးတို့ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည့်အတွက် ယခင်လထက် ဈေးအနည်းငယ်ကျဆင်းကာ အရောင်းအဝယ်ဖြစ်လျက်ရှိပါသည်။ (၆.၁၂.၂၀၂၃)ရက်နေ့ မိုးကြက်သွန်သစ် ဈေးနှုန်း

များမှာ ၁၉၀၀ ကျပ် ၊ ၁၉၅၀ ကျပ် ၊ ၂၀၀၀ ကျပ်ဈေးနှုန်းများဖြင့် ဈေးကွက်ထဲတွင် အရောင်းအဝယ်ဖြစ်လျက်ရှိပါသည်။

**Source: မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံး**

## မြေပဲဈေးနှုန်း ကျဆင်းသွားသည့်အတွက် မြေပဲဆီဈေးနှုန်းကျဆင်း




နိုဝင်ဘာလ (၂၀)ရက်နေ့တွင် မုံရွာနှင့် မန္တလေးဈေးကွက်များ၌ မြေပဲဈေးနှုန်းများ ကျဆင်းမှုကြောင့် မြေပဲဆီဈေးနှုန်းများ ကျဆင်းသွားခဲ့ပါသည်။ အဆိုပါရက်များ၌ မုံရွာကုန်စည်ဒိုင်တွင် မြေပဲဆီလက်ကားဈေးနှုန်းသည် တစ်ပိဿာလျှင် (၁၁,၅၀၀)ကျပ်နှင့် နှမ်းဆီလက်ကားဈေးနှုန်းမှာ တစ်ပိဿာလျှင် (၁၂,၀၀၀)ကျပ် ရှိပါသည်။ ဇူလိုင်လ အစောပိုင်းတွင် မြေပဲဆီဈေးနှုန်းသည် တစ်ပိဿာလျှင် (၁၃,၀၀၀)ကျပ်မှ (၁၃,၅၀၀)ကျပ်အထိနှင့် နှမ်းဆီဈေးနှုန်းမှာ တစ်ပိဿာလျှင် (၁၂,၀၀၀)ကျပ်မှ (၁၂,၅၀၀)ကျပ်အထိ ဈေးနှုန်း မြင့်တက်ခဲ့ပါသည်။

နိုဝင်ဘာလ (၂၆)ရက်နေ့၊ နောက်ဆုံးအပတ်၌ စားအုန်းဆီလက်ကား ရည်ညွှန်းဈေးနှုန်းမှာ တစ်ပိဿာလျှင် (၄,၉၀၀)ကျပ်အထိရှိပါသည်။ မန္တလေး ဈေးကွက်တွင် မြေပဲဆီလက်ကားဈေးနှုန်းနှင့် စားအုန်းဆီ လက်ကားရည်ညွှန်းဈေးနှုန်းများအကြား ကွာဟချက်မှာ ခန့်မှန်းခြေ တစ်ပိဿာလျှင် (၆,၀၀၀)ကျပ်မှ (၇,၀၀၀)ကျပ်အထိရှိပါသည်။ (၁၈)လီတာဆန့် စားအုန်းဆီပုံး၏ ဈေးနှုန်းကွာဟချက်မှာ တစ်ပိဿာလျှင် (၃,၀၀၀)ကျပ်မှ (၅,၀၀၀)ကျပ်ရှိပြီး ကွာဟချက် ကျဉ်းမြောင်းလာပါသည်။

ရန်ကုန်ဈေးကွက်တွင် စားအုန်းဆီ လက်လီရည်ညွှန်းဈေးနှုန်းနှင့် မြေပဲဆီဈေးနှုန်းတို့၏ကွာဟချက်မှာ တစ်ပိဿာလျှင် (၁၀,၀၀၀)ကျပ်အထိရှိပြီး မြေပဲဆန်ဈေးနှုန်းမှာ တစ်ပိဿာလျှင် (၇,၀၀၀)ကျပ်အထိရှိခဲ့ပြီး စားအုန်းဆီဈေးနှုန်းထက်ပို၍ မြင့်တက်ခဲ့ပါသည်။

ဝယ်လိုအားကျဆင်းခြင်းနှင့် ပြည်ပဝယ်လိုအားမရှိခြင်းတို့ကြောင့် လက်ရှိမြေပဲဆန်ဈေးနှုန်းမှာ တစ်ပိဿာလျှင် (၁,၀၀၀)ကျပ်ခန့် ကျဆင်းသွားခဲ့ပါသည်။ ၂၀၂၃ ခုနှစ်၊ နှစ်လယ်ပိုင်းတွင် မြေပဲဆန်ဈေးနှုန်းမှာ တစ်ပိဿာလျှင် (၇,၀၀၀)ကျပ် အထိ ကျဆင်းသွားခဲ့ပါသည်။

နိုဝင်ဘာလ (၂၀)ရက်နေ့တွင် မုံရွာနှင့်မန္တလေးဈေးကွက်များ၌ မြေပဲဈေးနှုန်းများကျဆင်းမှုကြောင့် မြေပဲဆီဈေးနှုန်းများ ကျဆင်းသွားခဲ့ပါသည်။ အဆိုပါရက်များ၌ မုံရွာကုန်စည်ဒိုင်တွင် မြေပဲဆီလက်ကားဈေးနှုန်းသည် တစ်ပိဿာလျှင် (၁၁,၅၀၀)ကျပ်နှင့် နှမ်းဆီလက်ကားဈေးနှုန်းမှာ တစ်ပိဿာလျှင် (၁၂,၀၀၀)ကျပ်ရှိပါသည်။ ဇူလိုင်လအစောပိုင်းတွင် မြေပဲဆီ ဈေးနှုန်းသည် တစ်ပိဿာလျှင် (၁၃,၀၀၀)ကျပ်မှ (၁၃,၅၀၀)ကျပ်အထိနှင့် နှမ်းဆီဈေးနှုန်းမှာ တစ်ပိဿာလျှင် (၁၂,၀၀၀)ကျပ်မှ (၁၂,၅၀၀)ကျပ်အထိ ဈေးနှုန်းမြင့်တက်ခဲ့ပါသည်။

နိုဝင်ဘာလ (၂၆)ရက်နေ့၊ နောက်ဆုံးအပတ်၌ စားအုန်းဆီလက်ကား ရည်ညွှန်းဈေးနှုန်းမှာ တစ်ပိဿာလျှင် (၄,၉၀၀)ကျပ် အထိရှိပါသည်။ မန္တလေးဈေးကွက်တွင် မြေပဲဆီလက်ကားဈေးနှုန်းနှင့် စားအုန်းဆီ လက်ကားရည်ညွှန်းဈေးနှုန်းများကြား ကွာဟချက်မှာ ခန့်မှန်းခြေတစ်ပိဿာလျှင် (၆,၀၀၀)ကျပ်မှ (၇,၀၀၀)ကျပ်အထိရှိပါသည်။ (၁၈)လီတာဆန့် စားအုန်းဆီပုံး၏ ဈေးနှုန်းကွာဟချက်မှာ တစ်ပိဿာလျှင် (၃,၀၀၀)ကျပ်မှ (၅,၀၀၀)ကျပ်ရှိပြီး ကွာဟချက်ကျဉ်းမြောင်းလာပါသည်။

ရန်ကုန်ဈေးကွက်တွင် စားအုန်းဆီလက်လီရည်ညွှန်းဈေးနှုန်းနှင့် မြေပဲဆီဈေးနှုန်းတို့၏ကွာဟချက်မှာ တစ်ပိဿာလျှင် (၁၀,၀၀၀)ကျပ်အထိရှိပြီး မြေပဲဆန်ဈေးနှုန်းမှာ တစ်ပိဿာလျှင် (၇,၀၀၀)ကျပ်အထိရှိခဲ့ပြီး စားအုန်းဆီဈေးနှုန်းထက်ပို၍ မြင့်တက်ခဲ့ပါသည်။

ဝယ်လိုအားကျဆင်းခြင်းနှင့်ပြည်ပဝယ်လိုအားမရှိခြင်းတို့ကြောင့် လက်ရှိမြေပဲဆန်ဈေးနှုန်းမှာ တစ်ပိဿာလျှင် (၁,၀၀၀) ကျပ်ခန့် ကျဆင်းသွားခဲ့ပါသည်။ ၂၀၂၃ ခုနှစ်၊ နှစ်လယ်ပိုင်းတွင် မြေပဲဆန်ဈေးနှုန်းမှာ တစ်ပိဿာလျှင် (၇,၀၀၀)ကျပ် အထိ ကျဆင်းသွားခဲ့ပါသည်။

မြေပဲဆန်အရည်အသွေးပေါ်မူတည်၍ မြေပဲဆီထုတ်လုပ်မှုမှာ အမျိုးမျိုးကွဲပြားလျက်ရှိပါ သည်။ မြေပဲဆန်တစ်ပိဿာလျှင် မြေပဲဆီ (၃၈-၄၃)ကျပ်သားနှင့် မြေပဲဖတ် (၅၀)ကျပ်သားခန့် ထွက်ရှိပါသည်။ အမြင့်ဆုံးထွက်ရှိမှုမှာ မြေပဲဆီ (၄၅)ကျပ်သား ဖြစ်ပါသည်။

**Source: MIS of DoA**

https://t.me/htwettoe

## အိန္ဒိယသည် ရာသီသစ်တွင် ဘာစမာတီဆန်တန်ချိန် ၅၀၀,၀၀၀ တင်ပို့ရန် သဘောတူညီမှုများ လက်မှတ်ရေးထိုး

အိန္ဒိယသည် ဥရောပနှင့်အရှေ့အလယ်ပိုင်းရှိ ထိပ်တန်းဝယ်လက်များထံမှ ခိုင်မာသောဝယ်လိုအားအတွက် ရာသီသစ် ဘာစမာတီဆန် မက်ထရစ်တန် ၅,၀၀,၀၀၀ ခန့်တင်ပို့ရန် စာချုပ်ချုပ်ဆိုနိုင်ခဲ့သည်ဟု ကုန်သည်များက ဗုဒ္ဓဟူးနေ့တွင် ပြောကြားခဲ့ကြောင်း The Economic Times သတင်းစာတွင် ဖော်ပြထားပါသည်။

အိန္ဒိယနိုင်ငံသည် ၎င်း၏အရည်အသွေးကောင်းမွန်သော ဆန်လုံးရှည်အမျိုးအစားဖြစ်သည့် ဘာစမာတီဆန် တန်ချိန် ၄ သန်းကျော်ကို အီရန်၊ အီရတ်၊ ယီမင်၊ ဆော်ဒီအာရေဗျ၊ အာရပ်စော်ဘွားများ ပြည်ထောင်စု၊ အမေရိကန်နိုင်ငံနှင့် ဥရောပနိုင်ငံ တို့သို့ နှစ်စဉ်တင်ပို့လျက်ရှိကြောင်း သိရှိရသည်။

ပြည်တွင်းဈေးနှုန်းတည်ငြိမ်စေရန်အတွက် ဘာစမာတီမဟုတ်သော ဆန်ဖြူတင်ပို့မှုအား ဇွန်လတွင် ပိတ်ပင်ခဲ့ပြီးနောက် အိန္ဒိယသည် ဩဂုတ်လတွင် ပြည်ပသို့ ဘာစမာတီကို ရောင်းချရန်အတွက် ကြမ်းခင်းဈေး သို့မဟုတ် အနိမ့်ဆုံးပို့ကုန် ဈေးနှုန်း (MEP)ကို အမေရိကန်ဒေါ်လာ ၁၂၀၀ သတ်မှတ်ခဲ့ကြောင်း၊ အကျိုးရလဒ်အနေဖြင့် ယင်းဆန်အမျိုးအစားတင်ပို့မှုကို အဟန့်အတားဖြစ်စေခဲ့ပြီး လယ်သမားများ၏ ရာသီသစ်ဆန်ရောင်းချမှုကို နှောင့်နှေးစေသောကြောင့် အစိုးရက ပြီးခဲ့သည့် လတွင် ဘာစမာတီတင်ပို့မှုအတွက် ကြမ်းခင်းဈေးကို တစ်တန်လျှင် ကန်ဒေါ်လာ ၉၅၀ သို့ လျှော့ချပေးခဲ့ကြောင်း သိရသည်။

အိန္ဒိယ၏ ဘာစမာတီစပါးသစ်ကို စိတ်ဝင်စားမှုအများအပြားရှိခဲ့ကြောင်းနှင့် ယခုအချိန်အထိ တန်ချိန် ၅,၀၀,၀၀၀ ခန့်အား တင်ပို့ရန် စာချုပ်များချုပ်ဆိုထားကြောင်း၊ ပုံမှန်အားဖြင့် စက်တင်ဘာလနှင့်အောက်တိုဘာလများတွင် သီးနှံသစ်အတွက် အမှာစာများစတင်ရရှိသော်လည်း တစ်တန်လျှင် ကန်ဒေါ်လာ ၁၂၀၀ သတ်မှတ်ထားသည့် MEP က သဘောတူညီချက်များကို လက်မှတ်ထိုးရန် အခက်အခဲဖြစ်စေခဲ့ကြောင်း အိန္ဒိယဆန်တင်ပို့သူများ အသင်းချုပ်ဥက္ကဋ္ဌ ပရမ်ဂါ့ဂ်က ပြောကြားခဲ့သည်။

ယခုနှစ်တွင် အိန္ဒိယ၏ဆန်ကိုဝယ်ယူသည့် ထိပ်တန်းဝယ်လက်များမှာ တူရကီ၊ အီရတ်နှင့်ဆော်ဒီအာရေးဗီးယားတို့ဖြစ်ကြ ကြောင်း ဘာစမာတီဆန်ထွက်ရှိသော ပြည်နယ်တစ်ခုဖြစ်သည့် Haryana ပြည်နယ်မှ ဆန်ကုန်သည်တစ်ဦးဖြစ်သူ Vijay Setia က ပြောကြားထားသည်။

အိန္ဒိယနိုင်ငံတွင် ဘာစမာတီဆန်အပေါ် အနိမ့်ဆုံးပို့ကုန်သတ်မှတ်ဈေးနှုန်း တစ်တန်လျှင် ကန်ဒေါ်လာ ၁၂၀၀ သတ်မှတ်ခဲ့ သဖြင့် ပြည်ပဈေးကွက်ယှဉ်ပြိုင်နိုင်မှုကျဆင်းခဲ့ရာမှ ယခုအခါ အနိမ့်ဆုံးပို့ကုန်ဈေးနှုန်းအား ပြင်ဆင်သတ်မှတ်ပေးခဲ့သဖြင့် ဘာစမာတီဆန်တင်ပို့မှုအတွက် အမှာစာများ ပြန်လည်ရရှိလာမှုအခြေအနေကို သိရှိနိုင်ရေး တင်ပြလိုက်ရပါသည်။

**Source : India signs deals to export 500,000 tons of new season basmati rice, The Economic Times, November 15, 2023.**

**(မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး၊ နယူးဒေလီမြို့)**

https://myantrade.gov.mm/article/STP(Ygn)_06122023_01:17

# STOCK EXCHANGE (6.12.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 6th Dec. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 30,728 (Shares) | 89,909,400 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,700 | +300 | +3.57% | 8,400 | 8,700 | 8,400 | 846 | 7,354,200 | 33,109,694 | 288,054 |
| MTSH | 00002 | 2,900 | +0 | +0.00% | 2,900 | 2,900 | 2,900 | 7,164 | 20,775,600 | 38,929,150 | 112,895 |
| MCB | 00003 | 7,400 | +300 | +4.23% | 7,400 | 7,400 | 7,400 | 15 | 111,000 | 10,400,986 | 76,967 |
| FPB | 00004 | 1,600 | +50 | +3.23% | 1,600 | 1,600 | 1,600 | 2,082 | 3,331,200 | 29,664,613 | 47,463 |
| TMH | 00005 | 2,350 | -50 | -2.08% | 2,350 | 2,350 | 2,350 | 10 | 23,500 | 12,823,224 | 30,135 |
| EFR | 00006 | 2,000 | +0 | +0.00% | 2,000 | 2,000 | 1,950 | 573 | 1,144,900 | 19,977,223 | 39,955 |
| AMATA | 00007 | 4,800 | -100 | -2.04% | 4,800 | 4,800 | 4,700 | 34 | 162,200 | 10,497,598 | 50,389 |
| MAEX | 00008 | 1,700 | +50 | +3.03% | 1,700 | 1,700 | 1,700 | 4 | 6,800 | 23,804,946 | 40,468 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 6th Dec. 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 363.87 | +7.44 | +2.09% | 356.66 | 363.87 | 356.13 | 10,728 | 32,909,400 | 8 | 686,326 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 6th Dec. 2023

| Trading Volume | Trading Value |
|---|---|
| 30,728 (Shares) | 89,909,400 (MMK) |

### Main Board

As of 1:00 pm, 6th Dec. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 30,728 (Shares) | 89,909,400 (MMK) |

| MYANPIX | 363.87 ▲ 7.44 |
|---|---|
| Total Volume (shares) | 10,728 |
| Total Value (MMK) | 33 mil |
| Listed Company | 8 |
| Market Cap. (MMK) | 686,326 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,700 | ▲ 300 |
| MTSH | 00002 | 2,900 | ▲ 0 |
| MCB | 00003 | 7,400 | ▲ 300 |
| FPB | 00004 | 1,600 | ▲ 50 |
| TMH | 00005 | 2,350 | ▼ 50 |
| EFR | 00006 | 2,000 | ▲ 0 |
| AMATA | 00007 | 4,800 | ▼ 100 |
| MAEX | 00008 | 1,700 | ▲ 50 |